# ခေးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဝတ္ထုမှ စကားခွန်းများလေ့လာချက်

စန်းစန်းအေး*

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် မြသန်းတင့်၏ ခေးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဝတ္ထုမှ စကားလုပ်ဆောင်ချက်များကိုဖြစ်ပေါ်စေသော စကားခွန်းများကို လူမှုဘာသာဗေဒ အမြင်ဖြင့် လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ အခန်း(၁)တွင် မြသန်းတင့်၏ဘဝနှင့်စာပေ၊ အခန်း(၂)တွင် ခေးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဝတ္ထု ဇာတ်လမ်းအကျဉ်း၊ အခန်း(၃)တွင် လူမှုဘာသာဗေဒဟူသည်နှင့် စကားလုပ်ဆောင် ချက်များဖြစ်ပေါ်စေသည့် စကားခွန်းအမျိုးအစားဟူ၍ ခွဲခြားကာ လေ့လာတင်ပြထား ပါသည်။ ထိုသို့လေ့လာတင်ပြခြင်းဖြင့် အလုပ်သမားလူတန်းစားတို့၏ လူမှုဘဝကို သိမြင်နိုင်မည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ။** ။ လူမှုဘာသာဗေဒ၊ ဖြစ်ရပ်စကားခွန်း၊ အမူအကျင့်စကားခွန်း၊ ဆက်သွယ်မှုပြစကားခွန်း၊ ဆောင်ရွက်ချက်စကားခွန်း။

## နိဒါန်း

ဝတ္ထုရှည်သည် စကားပြေနှင့်ရေးဖွဲ့ထားသော ဇာတ်လမ်းပါသည့် စာပေအဖွဲ့တစ်မျိုးဖြစ်သည်။ ဝတ္ထု သည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ အပြန်အလှန်ပြောစကား စသည့်အင်္ဂါရပ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ရပါသည်။ ထိုသို့ ဖွဲ့စည်းတည်ဆောက်ရာတွင် ဒိဋ္ဌလောကရှိ လူတို့၏ ကိုယ်၊ နှုတ်၊ နှလုံးအမူအရာကိုတုပ၍ ဖန်တီးပုံဖော်ထားသော ဇာတ်ဆောင် တို့၏အခန်းကဏ္ဍသည် အရေးပါပါသည်။ ဇာတ်ဆောင်တို့၏ပြုမူပြောဆို ခံစားတွေးတောမှု အရပ်ရပ်တို့ကို စုပေါင်းချိတ်ဆက်ထားခြင်းဖြင့် ဇာတ်လမ်းတစ်ခု၏ ပြုမူပြောဆိုခံစား တွေးတောမှုအရပ်ရပ်တို့ကို စုပေါင်းချိတ်ဆက်ထားခြင်းဖြင့် ဇာတ်လမ်း တစ်ခုဖြစ် လာသကဲ့သို့ ဇာတ်ဆောင်တို့၏ပြောစကားများ ဖြစ်ရပ်များဖြင့်လည်း ဝတ္ထု၏ ဦးတည်ချက်ကို ပုံဖော်ရပါသည်။ ဤစာတမ်းသည် မြသန်းတင့်၏ "ခေးတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်" ဝတ္ထု မှ ဇာတ်ဆောင်တို့၏စကားခွန်းများဖြင့် လေ့လာ တင်ပြ ထားပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင် စကား လုပ်ဆောင်ချက် အမျိုးမျိုး ဖြစ်ပေါ်စေသည်။ စကားခွန်းများဖြစ်သော ဖြစ်ရပ်စကားခွန်း များ၊ အမူအကျင့် ဆိုင်ရာ စကားခွန်းများ၊ ဆက်သွယ်မှုပြစကားခွန်းများ၊ ဆောင်ရွက်ချက် စကားခွန်းများဟူ၍ (၄)မျိုး ခွဲပြကာ လေ့လာ တင်ပြပါမည်။

---

* ကထိက ၊ မြန်မာစာဌာန ၊ မအူပင်တက္ကသိုလ် ။

## ၁။ မြသန်းတင့်၏ ဘဝနှင့်စာပေ

“ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်” ဝတ္ထုရေးသားသူ မြသန်းတင့်ကို ၁၉၂၉ ခုမေလ (၂၃)၊ ကြာသပတေးနေ့တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့တွင် ဖွားမြင်သည်။ အဖ ဦးပေါတင့်၊ အမိ ဒေါ်လှိုင်တင်တို့မှ ဖွားမြင်ခဲ့သည်။

၁၉၄၁ ခုနှစ်တွင် ပဥ္စမတန်းအဖြစ် ပညာသင်ကြားခဲ့သည်။ ၁၉၄၂ ခုနှစ် ဂျပန်ခေတ်တွင် ကျောင်း ပြန်တက်၍ ၁၉၄၃ တွင် အာရှလူငယ်များအဖွဲ့၌ ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၄၄ ဂျပန်တော်လှန်ရေး မြေအောက်ကလပ်စည်းများနှင့်ဆက်သွယ်၍ ဖက်ဆစ်တော်လှန်ရေးကြီး တွင်ပါဝင်ခဲ့သည်။ ၁၉၄၅–၄၇ ဒုတိယကမ္ဘာစစ်အပြီး မြင်းခြံတွင်တာဝန်ကျသည်။ မန္တလေး ခရိုင်၊ အထက်မြန်မာပြည် ဖဆပလအဖွဲ့ချုပ်၊ မန္တလေးခရိုင်ကွန်မြူနစ်ပါတီတို့တွင် အချိန်ပြည့်တာဝန် ထမ်းဆောင်သည်။ မြင်းခြံခရိုင်၊ ကွန်မြူနစ် ပါတီကို စတင်တည်ထောင်၍ ခရိုင်ကော်မတီ ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ကျောက်ပန်းတောင်းတွင် အက်တူး–သခင်အုန်းဖေနှင့်အတူ ‘လယ်သမားသီးစားခမပေးရေးတိုက်ပွဲ၊ လက်ငုတ်လယ်ထွန်ရေးတိုက်ပွဲ၊ မြေရှင်ကြီးများ၏ လယ်များကို အတင်းဝင်ထွန်ရေးတိုက်ပွဲ’ များကို ဦးဆောင်သည်။ သီးစားခမပေးရေး တိုက်ပွဲတွင် အင်္ဂလိပ်အစိုးရ သိမ်းယူထားသော လယ်ယာများ၏ပစ္စည်းများကို ပြန်လုယူသည့်အတွက် ပြစ်ဒဏ်ကျခြင်းခံရသည်။

အထွေထွေသပိတ်ကြီးတွင် မြင်းခြံ၊ မန္တလေး၊ ဒလသဘော်ကျင်း၊ အလုပ်သမားထု ကြီးပါဝင်ရေးအတွက်တာဝန်ယူသည်။ ၁၉၄၇ ခုတွင် မကျန်းမာသဖြင့် တာဝန်မှအနားယူကာ တက္ကသိုလ်ဝင်တန်းစာ မေးပွဲဖြေဆိုသည်။ ပခုက္ကူခရိုင် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။ ပထမဦးဆုံးရေးသည့် ‘ဒုက္ခသည်’ ဝတ္ထုတိုကို တာရာမဂ္ဂဇင်း တွင် ၁၉၄၉ ခုနှစ်၌ ပုံနှိပ်ဖော်ပြသည်။ ၁၉၅၀ တွင် ‘စာပေသည် ပြည်သူ့အတွက်’ ဟူသော ကြွေးကြော်သံဖြင့် ‘စာပေသစ်မဂ္ဂဇင်း’ကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်း၊ အောင်လင်းတို့နှင့်အတူ ဦးဆောင်ထုတ်ဝေခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ပထမဦးဆုံးဘာသာပြန်လက်ရာအဖြစ် ဂေါ်ကီ၏ ‘မာလ်ဗာ နှင့်အခြားဝတ္ထုတိုများ’ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းအလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ တွင် ပင်ကိုယ်ရေးလုံးချင်းဝတ္ထု ‘မေတ္တာအသချေ’ ကို ရေးသည်။ ၁၉၅၄ တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့သည်။

၁၉၅၅ ခုနှစ်တွင် သခင်ကိုယ်တော်မှိုင်းဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေးဗဟို ကော်မတီတွင် အတွင်းရေးမှူးတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဥပဒေဘွဲ့ရ သည်။ ‘လိုက်ခဲ့တော့ မြနန္ဒာ’ ကို ၁၉၈၅ ခုနှစ် မြဝတီမဂ္ဂဇင်းတွင် ရေးသားသည်။ အထိန်းသိမ်းခံ ဘဝဖြင့် ကိုကိုးကျွန်းသို့ရောက် သည်။ ၁၉၆၀ တွင် ‘အမှောင်ရိပ်ဝယ်’ ဝတ္ထု၊ ဗိုလ်တထောင် သတင်းစာတွင် နေ့စဉ်အခန်းဆက်အဖြစ် ‘နှံ့ထဲကကြာ’ ကို ဆရာသိန်းဖေမြင့် နှင့်အတူပူးတွဲ ရေးခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် အထိန်းသိမ်းခံဘဝမှ လွတ်မြောက်ခဲ့သည်။ ဆိုဗီဒင်နိုင်ငံ

စတောဟုမ်း မြို့တွင်ကျင်းပသော ငြိမ်းချမ်းရေးကောင်စီအစည်းအဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်နှင့် ပြည်သူကော်မတီ ဝင်တစ်ဦးအဖြစ် တာဝန်ယူခဲ့သည်။ ပြည်တွင်း ငြိမ်းချမ်းရေး တွေ့ဆုံပွဲ ပျက်သောအခါ အထိန်းသိမ်း ခံခဲ့ရပြီး ၁၉၇၂ ခုနှစ်တွင် အထိန်းသိမ်းခံဘဝမှ လွတ်မြောက် ခဲ့သည်။

၁၉၇၂ ခုနှစ်တွင် တော်လ်စတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထု' ဘာသာပြန်အတွက် 'အမျိုးသားစာပေ ဘာသာပြန်ဆု'၊ ၁၉၇၈ ခုနှစ်တွင် 'လေရူးသုန်သုန်' ဝတ္ထုဘာသာပြန်ဖြင့် အမျိုးသားစာပေဘာသာပြန်ဆုကို ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တရုတ်စာရေးဆရာကြီး ဆောင်ဇူချင်းနှင့်ကောက်ဒိုတို့၏ 'ခန်း ဆောင်နီအိပ်မက်' ဝတ္ထုဖြင့် အမျိုးသားစာပေ ဘာသာပြန် (ရသ)ဆု၊ ၁၉၉၂ တွင် ပြင်သစ်စာရေးဆရာ ဒိုမိနိုလာပီယဲ၏ 'သုခမြို့တော်' ဝတ္ထု၊ ၁၉၅၅ တွင် စာရေးဆရာ ဒိုမိနိုလာပီယဲ၏ 'အချစ်မိုးကောင်းကင်' ဝတ္ထုတို့ဖြင့် အမျိုးသားစာပေ ဘာသာပြန်ဆု အသီးသီးရရှိခဲ့သည်။ ဆရာမြသန်းတင့်သည် တိုင်းပြည် အတွက် အမျိုးသား စာပေ ဘာသာပြန်ဆု အသီးသီးရရှိခဲ့သည်။ ဆရာမြသန်းတင့်သည် တိုင်းပြည်အတွက်၊ အမျိုးဘာသာ အတွက် စာပေများကိုရေးသားရင်း ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ ည ၉:၁၅ တွင် ကွယ်လွန် ခဲ့သည်။

## ၂။ ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် ဝတ္ထုဇာတ်လမ်းအကျဉ်း

'ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထုကို ဆရာမြသန်းတင့်သည် ၁၉၇၃ ခုနှစ်တွင် ရေးသားခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် အဋ္ဌမအကြိမ် ပုံနှိပ် ထုတ်ဝေခဲ့သည်။ အခန်းပေါင်း (၂၄)ခန်း ပါရှိသည်။ ထိုဝတ္ထုသည် စာရေးသူကိုယ်တိုင် ပင်လယ်တွင်တွေ့ခဲ့ရသည့် အတွေ့အကြုံနှင့် မျက် မှောက်ခေတ်လူငယ်တို့၏ အကြောင်းကို ပေါင်းစပ်ကာ ဇာတ်လမ်းဆင် တင်ပြထားသော ဘဝပညာပေး ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်ပါသည်။

တင်ထွန်းအောင်နှင့်ရဲမြင့်သည် အစိုးရအရာရှိတို့၏ သားများဖြစ်သည်။ တင်ထွန်းအောင် သည် စာမေးပွဲကျသဖြင့် ဖခင်ဖြစ်သူကဆူသောအခါ အိမ်တွင်မနေချင်၊ ရဲမြင့်ကမူ ငယ်စဉ်က မိခင်ဆုံးပါးသွား၍ မိထွေးနှင့်နေကာ ဖိနှိပ်ခံရမှုကြောင့် ထွက်ပေါက်ရှာရာမှ နံပါတ်ဖိုးစွဲသည် အထိဖြစ်လာသည်။ သည်တွင် အိမ်မှထွက်ပြေးချင်နေသော တင်ထွန်းအောင်နှင့်ရဲမြင့်တို့ တိုင်ပင် ပြီး အိမ်မှထွက်ပြေးခဲ့ကြသည်။ မိဘများက နေရာအနှံ့ရှာခဲ့သော်လည်း အရိပ်အယောင်မျှမတွေ့ သဖြင့် တင်ထွန်းအောင်၏ဦးလေးဖြစ်သူ စိုးထွန်းခေါ် ကိုနန္ဒာကို အရှာထွက်ခိုင်းခဲ့သည်။ ကိုနန္ဒာ သည် သူတို့နှစ်ဦးကိုစုံစမ်းရှာဖွေရာ နတ်အိမ်တောင်ဘက်တွင် တွေ့လေသည်။ ကိုနန္ဒာတို့ သုံးယောက်သည် နတ်အိမ်ထောင်မှအိမ်သို့ပြန်ရာတွင် အခြေအနေအရပ်ရပ်ကြောင့် 'ငွေငန်း' ဟူသောစက်လှေဖြင့်ပြန်ခဲ့ရသည်။ ထိုစက်လှေပိုင်ရှင်မှာ ဦးဘရန်ဖြစ်သည်။ သံချောင်းသည် စက်လှေပေါ်တွင် ကုန်ထမ်းရသောအလုပ်သမားဖြစ်သည်။ ကိုနန္ဒာတို့လိုက်လာသည့် စက်လှေ

သည် မှောင်ခိုစက်လှေဖြစ်လေသည်။ စက်လှေထွက်ချိန်တွင် ဆိုင်ကလုန်းမုန်တိုင်းပြင်းထန်စွာ ကျပြီး စက်လှေသည် ပင်လယ်ထဲတွင်နစ်မြုပ်ခဲ့သည်။

ပြင်းထန်နေသော လှိုင်းများကြားထဲတွင် လူစုကွဲကာတစ်ကွဲတစ်ပြားစီဖြစ်ပြီး တင်ထွန်းအောင်သည် ပင်လယ်ထဲတွင်ကျန်ရစ်ခဲ့လေသည်။ ထို့နောက် ကိုနန္ဒာနှင့်သံချောင်းတို့ ကျွန်းတစ်ကျွန်းပေါ်တွင် ပြန်လည်ဆုံတွေ့ကြပြီး ဘဝရပ်တည်နိုင်ရန်ကြိုးစားခဲ့ကြသည်။ သံချောင်းသည် အခက်အခဲတို့ကိုရင်ဆိုင်ကာ ပင်လယ်ကိုဖြတ်ရန် ဆုံးဖြတ်သည်။ သံချောင်းသည် လှေထွင်း ရန် ဓားတစ်ချောင်းကို တောင့်တခဲ့ သည်။ ထိုအချိန်တွင် စိတ်ဖောက်ပြန်နေသော ရဲမြင့်ကို ဓားတစ်ချောင်းနှင့် ပြန်တွေ့ခဲ့သည်။ သံချောင်း သည် ပင်လယ်ကိုဖြတ်ရန် ဖောင်ပြုလုပ်ခဲ့သည်။

ထိုစဉ် တစ်ကိုယ်ကောင်းဆန်သော မှောင်ခိုစက်လှေပိုင်ရှင်ဦးဘရန်က ရဲမြင့်ထံမှ ဓားကို ရသွားခဲ့သည်။ သံချောင်းသည် ပထမ ရဲမြင့်ကို အထင်လွဲခဲ့သည်။ ဦးဘရန်သည် သံချောင်း ခုတ်ထားသော သစ်လုံးများဖြင့် ဖောင်ကိုတိတ်တဆိတ်လုပ်ကာ တစ်ယောက်တည်း ပင်လယ်ကို ဖြတ်ရန် ကြံစည်ခဲ့သည်။ သံချောင်းသိသောအခါ ဦးဘရန်ဆီမှဓားကိုပြန်တောင်းသည်။ သံချောင်း နှင့်ဦးဘရန်တို့ သတ်ပုတ်ခဲ့ကြ သည်။ ထို့နောက် ဦးဘရန်သည် ပင်လယ်ထဲသို့ကျကာ သေဆုံး ခဲ့သည်။ ထိုအချိန်မှစ၍ သံချောင်းတို့သုံးဦးသည် နားလည်မှုရကာ ယခင်ကထက်ပို၍စည်းရုံး ခဲ့သည်။ ရဲမြင့်သည် သံချောင်းကြောင့် လမ်းမှန်သို့ ရောက်သွားခဲ့သည်။ သံချောင်းသည် ပင်လယ် ကိုဖြတ်ရာတွင် လိုအပ်သောရိက္ခာအတွက် ရဲမြင့်နှင့်အတူ ငါးမန်းသွားမျှားခဲ့ကြသည်။ ပင်လယ် တွင် ငါးမန်းလိုက်ရာ ရဲမြင့်ကိုရှေ့မှကူးစေ၍ မိမိက နောက်မှလိုက်ကာ ငါးမန်းကိုတိုက်ခိုက်ရင်း ရဲမြင့်အစား အသက်စွန့်သွားခဲ့သည်။ ကိုနန္ဒာနှင့်ရဲမြင့်တို့သည် သင်္ဘောတစ်စီးနှင့်တွေ့ပြီး ကျွန်းမှ လွတ်မြောက်ခဲ့ကြသည်။

## ၃။ လူမှုဘာသာဗေဒ[၁]ဟူသည်

လူမှုဘာသာဗေဒဟူသည်မှာ ဘာသာစကားနှင့်လူ့အဖွဲ့အစည်းအကြားရှိ အပြန်အလှန်ဆက်သွယ်မှုပုံစံအားလုံးကို လေ့လာသောဘာသာဗေဒအကိုင်းအခက်တစ်ခုဖြစ်သည်[၂]ဟု ဖွင့်ဆိုထားသည်။

လူမှုဘာသာဗေဒမိတ်ဆက်စာအုပ်တွင်–

> "လူတိုင်းလူတိုင်းသည် ကွဲပြားသည့် လူမှုအခြေအနေအမျိုးမျိုးတွင် ဘာသာစကားကို ကွဲပြားစွာအသုံးပြုလျက်ရှိသည်။ ဘာသာဗေဒ၏ အကိုင်းအခက်တစ်ခုဖြစ်သော လူမှုဘာသာဗေဒသည် ထိုသို့သော ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ အပြန်အလှန်ဆက်သွယ်မှုကို လေ့လာသောပညာဖြစ်သည်" (အောင်မြင့်ဦး ၊ ၂၀၁၃ ၊ စာ – ၉)

---

[၁] sociolignuistics

[၂] crystal, 2005, 353.

ဟု ဖွင့်ဆိုထားပါသည်။

လူ့အဖွဲ့အစည်းအတွင်း၌ ဘာသာစကား၏ ကွဲပြားသောလုပ်ငန်းဆောင်တာများနှင့် အသုံးပြုပုံ အမျိုးမျိုးကို လူမှုဘာသာဗေဒကလေ့လာသည်။ တစ်နည်းအားဖြင့် လူမှုဘာသာဗေဒသည် လူ့အဖွဲ့ အစည်းတစ်ခုအတွင်း အသုံးပြုလျှက်ရှိသော ဘာသာစကားတစ်ခု၏ အသွင်ကွဲအမျိုးမျိုးကိုလေ့လာခြင်း ဖြစ်သည်။ လူမှုဘာသာဗေဒတွင် ဘာသာစကား၏ လူမှုရေးဆိုင်ရာအသုံးများကို လေ့လာသည်။ မည်သူ ကမည်သူကို မည်သည့်ရည်ရွယ်ချက်ဖြင့် ဘာသာစကားကို အသုံးပြုသည်ကို ဆန်းစစ်သည်။

ထိုသို့ဘာသာစကား၏အသုံးများကိုလေ့လာရာတွင်လူမှုအဆောက်အအုံကဘာသာ ဗေဒအဆောက်အအုံအပေါ် အကျိုးသက်ရောက်မှုရှိသလို ဘာသာဗေဒ အဆောက်အအုံ ကလည်း လူမှု အဆောက်အအုံအပေါ် အကျိုးသက်ရောက်မှုရှိကြောင်းတွေ့ရပါသည်။ (အောင်မြင့်ဦး၊ ၂၀၀၃ ၊ စာ-၁၆၆)

လူမှုဘာသာဗေဒစာအုပ်တွင်-

> "ဘာသာစကားအသုံးများသည် သဘာဝအလျောက် ပေါ်ပေါက်လာသည့် အခြေအနေများတွင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပြောနိုင်သကဲ့သို့ စကားအခြေအနေအမျိုးမျိုးတွင်လည်း ပြေဆိုပုံအမျိုးမျိုး ကွဲပြားနိုင်သည်။ ထိုသို့ပြောဆိုမှုအမျိုးမျိုးကို စကားခွန်းဟုခေါ်သည်" (အောင်မြင့်ဦး၊ ၂၀၀၃ ၊ စာ-၁၀၄)

ဟူ၍ဖော်ပြထားပါသည်။

လူမှုဘာသာဗေဒမိတ်ဆက်စာအုပ်တွင်-

> "ဘာသာစကားနှင့်လူ့အဖွဲ့အစည်းရှိ အဆက်အစပ်ကိုလေ့လာရာတွင် လူမှုဘာသာဗေဒရှုထောင့်မှ စကားအပြောအဆို၏ လူမှုအတိုင်းအဆပမာဏကို ချင့်တွက်လေ့လာရသည်။ ထိုသို့ချင့်တွက် လေ့လာရာတွင် ဘာသာဗေဒဆိုင်ရာဖွဲ့စည်းမှုများနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာဖွဲ့စည်းမှုများအတွင်း အတုံ့အပြန်အကျိုးသက်ရောက်မှုများ အပေါ်တွင် လည်းကောင်း၊ ဘာသာစကားလေ့လာမှုသည် တစ်သီးတစ်ခြားထီးတည်းသည်မဟုတ်၊ လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုတို့၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟူသော အချက်ပေါ်တွင်လည်းကောင်း အခြေခံသည်" (အောင်မြင့်ဦး ၊ ၂၀၀၃ ၊ စာ-၂၀)

ဟူ၍ ဖော်ပြထားပါသည်။

လူမှုဘာသာဗေဒတွင် ဘာသာစကားဟုဆိုရာ၌ အပြောစကားသာလျှင် လူအားလုံး၏ကြားမှာ ဆက်သွယ်မှုပြုနိုင်သော မူလကြားခံဖြစ်သည်။ အပြောစကားသည် အခြေအနေ အချိန် အခါကိုလိုက်ပြီးပြောဆို ဆက်သွယ်နိုင်ခြင်းဖြစ်သည်။ အပြောစကားသည် နှုတ်က ပြောဆိုခြင်း ဖြစ်သောကြောင့် စကားခွန်းဟု ဆိုနိုင်သည်။ နှုတ်ကပြောဆို သောစကားများသည်

စကားခွန်းပင် ဖြစ်သည်။ လူမှုဘာသာဗေဒတွင် စကားဟူသောဝေါဟာရသည် အလွန် နက်နဲ သိမ်မွေ့သည်။ စကားအကြောင်းကို ကောင်းစွာသိရှိရန် လို အပ်သည်။ လူမှုဘာသာဗေဒတွင် စကားသည် ဘာသာစကားနှင့်သက်ဆိုင်သော ပုံသဏ္ဌာန်အားလုံးကို ဆိုလိုသည်။ (အောင်မြင့်ဦး ၊ ၂၀၀၃၊ စာ-၂၅)

စကားခွန်း၏အဓိပ္ပာယ်ကို ခရီးဆောင်မြန်မာအဘိဓာန်တွင်-

"စကား / ဇဂါး / န - ၁၊ အနက်အဓိပ္ပာယ်ရှိသော နှုတ်မြွက်သံ၊ ပြောဆိုချက်" (စာ-၇၉)

"ခွန်း ၊ န-စကား ၊ စည်း-စကားကို ရေတွက်ရာတွင်သုံးရသော စကားလုံး" (စာ-၆၄)

ထို့ကြောင့် စကားခွန်းဆိုသည်မှာ နှုတ်အားဖြင့်ပြောဆို၍ အနက်အဓိပ္ပါယ်ရှိသော စကားလုံးများကို ခေါ်ခြင်းဖြစ်သည်။

လူမှုဘာသာဗေဒအမြင်ဟုဆိုရာ၌ ဘာသာစကားနှင့်လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ဆက်သွယ်မှုကို လေ့လာခြင်း၏ပန်းတိုင်သည် ဘာသာစကားအဆောက်အအုံကို ကောင်းစွာနားလည်နိုင်ရန်ဖြစ်သည်။ အပြန်အလှန်အားဖြင့် လူ့အဖွဲ့အစည်းအဆောက်အုံကိုလည်း သိရှိနိုင်မည်ဖြစ်ပါသည်။ (စာ-၁၆)

ဤစာတမ်းသည် မြသန်းတင့်၏ 'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထုလာ လူမှု အဆောက်အအုံအတွင်းရှိ စကားလုပ်ဆောင်ချက်များကို လေ့လာထားပါသည်။ ထိုသို့ လေ့လာရာ၌ စကားလုပ်ဆောင်ချက်အမျိုးမျိုးကို ဖြစ်ပေါ်စေသည့်စကားခွန်းများကို လေ့လာ တင်ပြထားပါသည်။

## ၃၊ ၁။ စကားလုပ်ဆောင်ချက်[၁]ဟူသည်

စကားလုပ်ဆောင်ချက်နှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒသဘောတရားစာအုပ်တွင် စကားလုပ်ဆောင်ချက်သည် စကားပြောဆိုစဉ်တွင် ဘာသာဗေဒဆိုင်ရာ လှုပ်ရှားမှုက ပြုမူသောလူမှုရေးသို့မဟုတ် ပုဂ္ဂိုလ်ရေးရည်ရွယ်ချက်နှင့် လက်တွေ့အနက်အဓိပ္ပာယ်ဆိုင်ရာ အကျိုးသက်ရောက်မှု တို့နှင့် သက်ဆိုင်သည်။ (စာ-၁၅၈)

စကားလုပ်ဆောင်ချက်သည် တစ်ဦးစီ၏စကားခွန်းသက်သက်ကို ရည်ညွှန်းခြင်း မဟုတ်ပေ။ ပြောသူနှင့်နာသူတို့၏ အပြုအမူဆက်စပ်မှုရှိ စကားခွန်းများ၏ အကျိုးသက်ရောက်မှုများကို ရည်ညွှန်းသည့် ဆက်သွယ်မှုဆိုင်ရာလုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ စကားပြောချိန်တွင် ပြောသူကရည်ညွှန်းလိုသည့် ရည်ရွယ်ချက်နှင့် နားထောင်သူအပေါ်ဖြစ်ထွန်းစေသည့် အကျိုးသက်ရောက်မှုများကို စူးစမ်းဖော် ထုတ်ခြင်းဖြစ်သည်။ (စာ-၁၅၈)

လူတို့သည် စားသောက်ခြင်း၊ ရေချိုးသန့်စင်ခြင်း၊ သွားလာလှုပ်ရှားခြင်း စသည့် ရုပ်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များကို နေ့စဉ်ပြီးမြောက်စေသလို ဘာသာစကားကို အသုံးပြု

[၁] speech act

ဖြတ်သန်းပြီးပြီးမြောက်စေ သောလုပ်ဆောင်ချက်များလည်း များစွာရှိသည်။ ဘာသာစကားသည် အလုပ်မှနှုတ်ထွက်ရန် သဘောတူညီမှုပြုလုပ်ရန်၊ စေ့စပ်ကြောင်းလမ်းရန်၊ ချီးကျူးထောပနာ ပြုရန် စသည့်လုပ်ဆောင်ချက်အမျိုးမျိုးကို ပြုလုပ်နိုင်သည်။ စကားလုပ်ဆောင်ချက်များနည်းတူ လူတို့နေ့စဉ်ဆောင်ရွက်သော အပြုအမူများပင်ဖြစ် သည်။ (စာ-၁၅၄)

စကားလုပ်ဆောင်ချက်တွင် ပြောဆိုပုံလုပ်ဆောင်ချက်နှင့် သက်ရောက်မှုလုပ်ဆောင်ချက်နှစ်မျိုး ပါဝင်သည်။ ပြောဆိုပုံလုပ်ဆောင်ချက်သည် ဘာသာစကားတစ်ခုတွင် အသိအမှတ်ပြုထားသည့် သဒ္ဒါဆိုင်ရာစကားခွန်းများကို ထုတ်လုပ်သည့်လုပ်ဆောင်ချက်ဖြစ်သည်။ သက်ရောက်မှု လုပ်ဆောင်ချက်သည် ဆက်သွယ်ရေးဆိုင်ရာ ရည်မှန်းချက်ကို ပေါက်မြောက်စေရန် ကြိုးပမ်းချက်နှင့်သက်ဆိုင်သည်။ စကားလုပ်ဆောင်ချက်၏ဝိသေသမှာ ဘာသာ စကားကိုဖြစ် ပေါ်နေသည့်အခြေအနေ၊ အချိန်အခါအလိုက် အသုံး ပြုနိုင်ခြင်းပင်ဖြစ်သည်။ (စာ-၁၅၉)

စကားလုပ်ဆောင်ချက်တစ်ရပ်တွင် ပြောသူ၏စကားခွန်း၊ ဝါကျ၊ ပြောပုံပြောနည်းသည် အရေးပါသည်။ ပြောသူသည် ပြောပုံပြောနည်းတစ်ရပ်ကို ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးပြုနိုင်သလို ရည် ရွယ်ချက်တစ်ရပ်အတွက် ပြောပုံပြောနည်းအမျိုးမျိုးကို အသုံးပြုနိုင်သည်။ စကားခွန်းတစ်ရပ်ကို မည်သည့်လုပ်ဆောင်ချက်အတွက် ပြောပုံပြောနည်းကို မည်သို့အသုံးပြု သည်ဆိုသောအချက်မှာ ပြောသူ အတွက် လွန်စွာအရေးကြီးသည်။ (စာ-၁၆၈)

စကားလုပ်ဆောင်ချက်များကို ဆန်းစစ်ရာတွင် စကားခွန်းများကို ပြောသူ၏ ရည်ရွယ်ချက်ကို လမ်းညွှန်သည့်လုပ်ဆောင်ချက်အဖြစ် ရှုမြင်သည်။ စကားခွန်းတိုင်းသည် ပြောသူ၏ ရည်ရွယ်ချက်ကို ဖော်ဆောင်နေသော လုပ်ဆောင်ချက်များဖြစ်သည်။ စကားလုပ်ဆောင်ချက်များကို ဆန်းစစ်ဖော်ထုတ်ခြင်းသည် လူတို့၏ဘာသာစကားကို မည်သို့အသုံးပြုသည်ကို ကောင်းစွာ နားလည်သိရှိနိုင်ရန်ဖြစ်ပေသည်။ (စာ-၁၇၁)

ထို့ကြောင့် စကားလုပ်ဆောင်ချက်များကိုလေ့လာရာတွင် ပြောသူ၏ရည်ရွယ်ချက်ကို လမ်းညွှန်သည့်လုပ်ဆောင်ချက်ဖြစ်ကြောင်း မြန်မာ့လူမှုနယ်ပယ်တွင် မြန်မာတို့၏ ဘာသာစကားကို မည်ကဲ့သို့ အသုံးပြုသည်ကို နားလည်သိရှိစေနိုင်ကြောင်း တွေ့ရပါသည်။

စကားလုပ်ဆောင်ချက်များကို လေ့လာရာတွင် နေ့စဉ်ပြောစကားများမှ လေ့လာနိုင်သကဲ့သို့ စာပေအရေးအသားတွင်ပါသော စကားခွန်းများမှလည်း လေ့လာနိုင်သည်။ ဤစာတမ်းတွင် မြသန်းတင့်၏ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် ဝတ္ထုတွင်ပါသော ဇာတ်ဆောင် များ၏စကားခွန်းများမှ စကားလုပ်ဆောင်ချက်များကို -

(၁) ဖြစ်ရပ်စကားခွန်းများ[၁]

(၂) အမူအကျင့်ဆိုင်ရာစကားခွန်းများ[၂]

(၃) ဆက်သွယ်မှုပြုစကားခွန်းများ[၃]

---

[၁] constativ utterances

[၂] ethical utterances

[၃] phatic utterances

(၄) ဆောင်ရွက်ချက်စကားခွန်းများ[၄]

တို့ဖြင့် လေ့လာတင်ပြထားပါသည်။

## ၃၊ ၁၊ ၁။ ဖြစ်ရပ်စကားခွန်းများ

ဖြစ်ရပ်စကားခွန်းနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒသဘောတရား စာအုပ်တွင် ဖြစ်ရပ်စကားခွန်းများသည် ပကတိဖြစ်ရပ်များနှင့် တစ်နည်းနည်းဆက်စပ်လျှက် ရှိသည့် စကားခွန်းများဖြစ်သည်။ ထိုစကားခွန်းများသည် အတွေ့အကြုံကို ဖော်ညွှန်းခြင်းဖြင့် ဖြစ်နိုင်သလို စိတ်ကူးထင်ဟပ်ချက်ကို ဖော်ပြခြင်းမျိုးလည်းဖြစ်နိုင်သည်။ အမှန်တရားကို ပိုင်းခြားပြခြင်းမျိုးလည်း ဖြစ်နိုင်သည်။ (စာ-၁၅၅)

ဟူ၍ဖော်ပြထားပါသည်။

မြသန်းတင့်၏ 'ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထုတွင် စကားလုပ်ဆောင်ချက် အမျိုးမျိုးဖြစ်ပေါ်စေသော စကားခွန်းများအနက် ဖြစ်ရပ်စကားခွန်းများကို လေ့လာတွေ့ရှိရပါသည်။

'ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထု အခန်း(၁၀)တွင် ကိုနန္ဒာက ရဲမြင့်ကို ပြော သောဖြစ်ရပ်စကားခွန်းကို တွေ့ရပါသည်။

> "လူကတော့မကျပါဘူး၊ ပစ္စည်းအကျမှာ ဖမ်းဆွဲလိုက်တုန်း လက်လွတ်သွားတော့ ခြေထောက်က ကြိုးလှေကားကို ချိတ်ထားလိုက်မိသတဲ့၊ ကံကောင်းလို့ပေါ့"

ဟူသော အထက်ပါစကားခွန်းသည် ကိုနန္ဒာနှင့်ရဲမြင့်တို့ပြောသော ဖြစ်ရပ်စကားခွန်းဖြစ်ပါသည်။ ကိုနန္ဒာနှင့်ရဲမြင့်တို့ ရန်ကုန်ပြန်ရန်လိုက်လာသောစက်လှေသည် ကျောက်ချကာ ကျွန်းပေါ်မှ ဂုန်နီ အိတ်နှင့်ထုတ်ထားသော မှောင်ခိုပစ္စည်းများကို ပွဲချိတ်စက်လှေဖြင့်သယ်ခဲ့သည်။ အလုပ်သမား သံချောင်းသည် စက်လှေပေါ်သို့ ဂုန်နီအိတ်ကိုတင်ရာမှ လက်အံသေလာသဖြင့် မိမိရရမကိုင်နိုင်ဘဲ ရေထဲကျသွားသည့်ဖြစ်ရပ်ကို ကိုနန္ဒာကရဲမြင့်ကိုပြောသော ပကတိ ဖြစ်ရပ်ကို ဖော်ပြသော ဖြစ်ရပ် စကားခွန်းဖြစ်ပါသည်။

'ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထု အခန်း(၁၂)တွင် သံချောင်းက ကိုစိုးထွန်း (ခေါ်) ကိုနန္ဒာကိုပြောသော ဖြစ်ရပ်စကားခွန်းကိုတွေ့ရသည်။

> "ဟုတ်တယ်၊ ဒီကျွန်းပေါ်မှာ ကျွန်တော်တို့နှစ်ယောက်တည်းပဲရှိတယ်။ ကျွန်တော်လာတော့ အစ်ကိုသောင်ပေါ်မှာ လဲနေတာတွေ့ရတာပဲ၊ ပထမတော့ လှိုင်းပုတ်လို့လာတင်နေတဲ့ အလောင်းလို့ထင်တယ်။ ညည်းသံကြားတော့မှ မသေသေးဘူးဆိုတာသိရတယ်။ အုန်းသီးဆွတ်ရအောင် ခါးလေးဘာလေးများ ပါမလား စမ်းကြည့်တယ်၊ ခါးတော့မတွေ့ဘူး၊ ဘောင်းဘီ အိတ်ထဲကတော့" (စာ-၁၃၆)

---

[၄] performative utterances

> "နှစ်ဆယ်တန်အရွတ်အစိတ်တွေ့တယ်၊ ရေနူးနေလို့ ကျွန်တော်ဖြန့်လှမ်းထားတယ်" (စာ-၁၃၆)

ဟူသော အထက်ပါစကားခွန်းသည် သံချောင်းက ကိုနန္ဒာကိုပြောသော ဖြစ်ရပ်စကားခွန်း ဖြစ်ပါသည်။ မုန်တိုင်းမိသဖြင့် စက်လှေနှစ်ရာမှ ကျွန်းပေါ်တွင် မိမိတို့နှစ်ယောက် တည်းရှိကြောင်း ကိုနန္ဒာကိုတွေ့သည့် ဖြစ်ရပ်ကိုပြောသည့် ဖြစ်ရပ်စကားခွန်းဖြစ်ပါ သည်။

'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထု အခန်း(၁၉)တွင် သံချောင်းက ရဲမြင့်ကို ပြောသော ဖြစ်ရပ်စကားခွန်းကိုတွေ့ရသည်။

> "ဟေ့ ရဲမြင့်၊ ဘာလုပ်နေတာလဲ၊ လွှတ်လိုက်၊ ဘာဖြစ်လို့ကြက်တူရွေးကို ကိုင်ရိုက်နေတာလဲ၊ လွှတ်လိုက်" (စာ-၂၃၅)

အထက်ပါစကားခွန်းသည် သံချောင်းက ရဲမြင့်ကိုပြောသော ဖြစ်ရပ်စကားခွန်းဖြစ်ပါသည်။ ရဲမြင့်သည် စိတ်ဖောက်ပြန်ကာ သံချောင်းမွေးထားသော ကြက်တူရွေးကို ရိုက်သတ်နေသဖြင့် သံချောင်းက ကြက်တူရွေးကိုမသတ်ရန်ပြောသော ပကတိဖြစ်ရပ်ကိုပြောသော ဖြစ်ရပ်စကားခွန်းဖြစ်ပါသည်။

> "ခင်ဗျား ကြက်တူရွေးကလေး သတ်ခဲ့ရတာကို တွေးပြီး ကျွန်တော် စိတ် မကောင်းလိုက်တာဗျာ၊ ကျွန်တော် ဘယ်လို စိတ်ဖောက်ပြန်သွားမှန်း မသိဘူး" (စာ-၂၅၁)

အထက်ပါစကားခွန်းသည် ရဲမြင့်က သံချောင်းကိုပြောသော ဖြစ်ရပ်စကားခွန်းဖြစ်ပါသည်။ ရဲမြင့်သည် သံချောင်းနှင့်အတူ အလုပ်ကြမ်းလုပ်ရင်း သံချောင်းကိုနားလည်လာသည်။ သံချောင်းမွေးထားသော ကြက်တူရွေးကို စိတ်ဖောက်ပြန်ကာ သတ်မိသည့်ဖြစ်ရပ်ကို ပြန်ပြောပြီး စိတ်မကောင်းသည့်အကြောင်း ပြောသည့် ဖြစ်ရပ်စကားခွန်းဖြစ်ပါသည်။

'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထု အခန်း(၂၁)တွင် သံချောင်းက ကိုနန္ဒာနှင့် ရဲမြင့်ကိုပြောသော ဖြစ်ရပ်စကားခွန်းကိုတွေ့ရသည်။

> "ကျွန်တော် ဒီလူကို ကျွန်တော်လက်နဲ့ မသတ်လိုက်ရတာ သိပ်နာတာပဲ၊ ဒီလူဟာ ကျွန်တော်အမေကိုလည်း အစတုံးလုပ်ခဲ့တယ်။ ကျွန်တော်ကို လည်း တစ်လျှောက်လုံး ညှဉ်းဆဲခဲ့တယ်၊ ဒီကျွန်းပေါ်မှာလည်း ဓား အားကိုးနှင့် ကျွန်တော်တို့ပစ္စည်းတွေကို လုယူတယ်၊ ပြီးတော့ ကျွန်တော်ကိုလည်း အသေသတ်ဖို့လုပ်တယ်" (စာ-၃၀၄)

အထက်ပါစကားခွန်းသည် သံချောင်းက ကိုနန္ဒာတို့နှစ်ယောက်အားပြောပြနေသော ဖြစ်ရပ်စကားခွန်း ဖြစ်ပါသည်။ ဦးဘရန်သည် သံချောင်းအပေါ် ငွေဝယ်ကျွန်တစ်ယောက် ကဲ့သို့ ဆက်ဆံရုံသာမက သံချောင်း အမေကိုပါစော်ကားကာ သတ်ခဲ့သူဖြစ်ကြောင်း ကိုနန္ဒာတို့ကို ပြောပြသည့် ပကတိဖြစ်ရပ်ကို ဖော်ပြသည့် ဖြစ်ရပ်စကားခွန်းဖြစ်ပါသည်။

## ၃၊ ၁၊ ၂။ အမူအကျင့်ဆိုင်ရာ စကားခွန်းများ

အမူအကျင့်ဆိုင်ရာစကားခွန်းများနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒ သဘောတရားစာအုပ်တွင်-

> "အမူအကျင့်ဆိုင်ရာစကားခွန်းများသည် စိတ်သဘောထား အမူအကျင့်ဆိုင်ရာကို ဖော်ညွှန်းသည်။ ပုံမှန် အမူအကျင့်ကိုဖော်ညွှန်းပြသကဲ့သို့ အမှန်နှင့်အမှား ခွဲခြားပြခြင်းမျိုးလည်းဖြစ်နိုင်သည်။ သို့ရာတွင် ထိုစကားခွန်းများ၏ရည်ရွယ်ချက်များသည် အမှန်အမှားကို ခွဲခြားပြခြင်းထက် လောကတွင်ရှိသည့် အမူအကျင့်ကိုဖော်ညွှန်းပေးရန် ဖြစ်သည်" (စာ-၁၅၆)

ဟူ၍ဖော်ပြထားပါသည်။

'ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထု အခန်း(၈)တွင် အမူအကျင့်ဆိုင်ရာ စကားခွန်းများကိုလည်း တွေ့ရသည်။

> "သိပ်လူပါးဝတဲ့ကောင်၊ မေးတော့လည်း မကြားသလို၊ ဘာလိုလိုနှင့် ပြောတော့လည်း ဆောင့်အင့်အင့်၊ လူကိုပဲထိုးတော့မလိုလို၊ တော်တော်ရိုင်းတဲ့ကောင်တွေ၊ အဲဒါ ကျွန်တော်တို့ကို ချဲတာဦးလေးရဲ့ ချဲတာ" (စာ-၉၂)

အထက်ပါစကားခွန်းသည် ရဲမြင့်က သံချောင်း၏အမူအရာကို ကိုနန္ဒာအားပြောသော အမူအကျင့်ဆိုင်ရာစကားခွန်းဖြစ်ပါသည်။ စက်လှေထွက်မည့်အချိန်ကို ကိုနန္ဒာက အလုပ်သမားသံချောင်းကိုမေးသည်။ သံချောင်းက သူမသိကြောင်း ပြေပြေပြစ်ပြစ်မပြောဘဲ ဆောင့်အင့်အင့်ပြောကာ ချာကနဲလှည့်သွားသည့် သံချောင်း၏အမူအရာကို မကျေနပ်သောကြောင့် ပြောသော အမူအကျင့်ဆိုင်ရာ စကားခွန်းဖြစ်ပါသည်။

> "သွားတုန်းလာတုန်းမို့ပါ ဦးလေးရာ၊ နို့မို့ဆိုရင် ဒီကောင်အရေခွံဘယ်လောက်ထူသလဲဆိုတာ သိအောင် ဗိုက်ကိုဖြဲကြည့်လိုက်ချင်တယ်" (စာ-၉၂)

အထက်ပါစကားခွန်းသည် ရဲမြင့်က ကိုနန္ဒာကိုပြောသော အမူအကျင့်ဆိုင်ရာစကားခွန်းဖြစ်ပါသည်။ ကိုနန္ဒာက သံချောင်းကို စက်လှေထွက်မည့်အချိန်မေးရာ ပြေပြေလည်လည် မပြောသည့်အတွက် ရဲမြင့်က ထစ်ခနဲရှိရန်ဖြစ်ချင်သော ရဲမြင့်၏အမူအကျင့်ဆိုင်ရာစကားခွန်းဖြစ်ပါသည်။

'ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထု အခန်း(၂၀)တွင် ကိုနန္ဒာက ရဲမြင့်ကိုပြော သော အမူအကျင့်ဆိုင်ရာစကားခွန်းကိုတွေ့ရသည်။

> "သံချောင်းဟာ လူလားမြောက်ကတည်းက သူ့ဘဝကို သူရုန်းကန်လာရတယ်၊ ဘဝတည်မြဲရေးအတွက် လှုပ်ရှားနေရတယ်၊ ဒီတော့ သူ့စိတ်

> ခေတ်ဟာ အမြဲတမ်းသန့်ရှင်းနေတယ်၊ မင်းတို့လိုပျော်ဖို့ပါးဖို့ စိတ်မကူး ဘူး၊ အချိန်မရဘူး” (စာ-၂၆)

အထက်ပါစကားခွန်းသည် ကိုနန္ဒာက သံချောင်း၏အမူအကျင့်ကို ရဲမြင့်ကိုပြောသော အမူအကျင့်ဆိုင်ရာ စကားခွန်းဖြစ်ပါသည်။

‘ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်’ဝတ္ထု အခန်း(၂၂)တွင် ကိုနန္ဒာက သံချောင်းကို ပြောသော အမူအကျင့်ဆိုင်ရာစကားခွန်းကို တွေ့ရသည်။

> “ရဲမြင့်ဟာ ဒီလောက်ကောက်ကျစ်စဉ်းလဲမယ်လို့ ငါမထင်ဘူး၊ သံချောင်း ရဲမြင့်ဟာ ငယ်တယ်၊ တက်ကြွတယ်၊ စွန့်စားချင်တယ်၊ ဒါပေမယ့် သူ့မှာ စွန့်စားနိုင်တဲ့အားမရှိဘူး၊ သူ့ခန္ဓာကိုယ်က စွန့်စား နိုင်တဲ့အခြေအနေမဟုတ်ဘူး၊ ကျန်းမာရေးချို့တဲ့နေတယ်၊ သူ့ဘဝ သူပတ်ဝန်းကျင်ကြောင့် သူဟာ လေလွင့်ကလေးတစ်ယောက် ဖြစ်ခဲ့ ရတယ်၊ လမ်းသရဲကလေး တစ်ယောက်ဖြစ်ခဲ့ရတယ်” (စာ-၂၈၅)
>
> “ဒါပေမယ့် ဒီကျွန်းပေါ်ရောက်တော့ ရဲမြင့်ဟာ ဘဝပြောင်းသွားပြီ၊ အသွင်ပြောင်းသွားပြီ၊ လမ်းသရဲအသွင် လမ်းသရဲအမူအကျင့်တွေ ပျောက်သွားပြီ၊ ကိုယ့်အားကိုယ်ကိုးမှ အသက်ရှင်နေနိုင်တယ်၊ လူငယ်ရဲ့ အားမာန်ဟာ ပင်လယ်ကိုလည်း အံတုနိုင်တယ်၊ သဘာဝဘေးဒဏ် တွေကိုလည်း တွန်းလှန်နိုင်တယ်၊ တောတောင်တွေကိုလည်း နင်းခြေ မှောက်ဖြိုပစ်နိုင်တယ်ဆိုတာ သူသိသွားပြီ” (စာ-၂၈၆)

အထက်ပါစကားခွန်းများသည် ကိုနန္ဒာက ရဲမြင့်၏ပြောင်းလဲသွားသော အမူအကျင့်များကို သံချောင်းအား ပြောနေသည့် အမူအကျင့်ဆိုင်ရာစကားခွန်းများဖြစ်ပါသည်။

## ၃၊ ၁၊ ၃။ ဆက်သွယ်မှုပြစကားခွန်းများ

ဆက်သွယ်မှုပြစကားခွန်းနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒ သဘောတရား စာအုပ်တွင်- “ဆက်သွယ်မှုပြစကားခွန်းများသည် အကြောင်းကိစ္စတစ်ရပ်ကို ဖော်ပြရန်အတွက်မဟုတ်ပေ။ ဤစကားခွန်းများသည် အခြားတစ်ယောက်ကိုလိုလားမှုပြသည့် အမှတ်လက္ခဏာနှင့်ဆက်သွယ်မှုလမ်းကြောင်းကို ပွင့်စေလိုခြင်းများပင်ဖြစ်သည်။ ဆက်သွယ်မှုပြစကားခွန်းများသည် ကိစ္စတစ်ခုခုကို အမှန်တကယ်ထိရောက်စွာ ဆက်သွယ်ပြောဆိုသည့် စကားမဟုတ်ပေ။ ဆက်သွယ်မှုတစ်ခုခုကို ဆောင်ရွက်နိုင်ရန် ခွင့်ပြုသည့်သဘောဖြစ်သည်။ ဆက်သွယ်မှုအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ရန် အရေးပါသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ် သည်။ (စာ-၁၅၇)

ဟူ၍ဖော်ပြထားပါသည်။

‘ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်’ဝတ္ထု အခန်း(၉)တွင် ရဲမြင့်က ကိုနန္ဒာကို ခေါ် သော ဆက်သွယ်မှုပြစကားခွန်းကို တွေ့ရသည်။

"ဦးလေး၊ ဟိုမှာကြည့်စမ်း၊ ဟိုမှာ" (စာ-၈၉)

အထက်ပါစကားခွန်းသည် ရဲမြင့်သည် စက်လှေပေါ်သို့ ဆားအိတ်နှစ်အိတ်ဆင့်ကာ ထမ်းလာသော အလုပ်သမားလူငယ်သံချောင်းကို ကိုနန္ဒာအားကြည့်ခိုင်းသည့် ဆက်သွယ်မှုပြစကား ခွန်းဖြစ်ပါသည်။

"ဟေ့ ညီမလေး၊ စက်လှေ ဘယ်တော့ထွက်မလဲတဲ့ကွ"

"ဗျို့လူ ဗျို့လူ"

အထက်ပါစကားခွန်းသည် ကိုနန္ဒာနှင့်ရဲမြင့်တို့က အလုပ်သမားလူငယ်ကိုခေါ်သော ဆက်သွယ်မှုပြစကားခွန်းဖြစ်ပါသည်။

ကိုနန္ဒာက အလုပ်သမားလူငယ်ကို စက်လှေထွက်မည့်အချိန်မေးသည်ကို လူငယ်က ကြားဟန် မတူသဖြင့် ရဲမြင့်ကမကျေမနပ်ဖြစ်ကာ ထပ်မံခေါ်သော ဆက်သွယ်မှုပြစကားခွန်းဖြစ်ပါသည်။

"ဟေ့ တင်ထွန်းအောင်၊ ဒီကိုလာ ဒီကို" (စာ-၁၀၉)

အထက်ပါစကားခွန်းသည် ရဲမြင့်နှင့်ကိုနန္ဒာအား တင်ထွန်းအောင်ကိုလှမ်းခေါ်သော ဆက်သွယ်မှုပြစကားခွန်းဖြစ်ပါသည်။ မုန်တိုင်းမိကာ စက်လှေမြုပ်သဖြင့် ပျဉ်ပြားကြီးကို ကိုင်ထားသော ရဲမြင့်နှင့် ကိုနန္ဒာက တင်ထွန်းအောင်ကိုခေါ်သော ဆက်သွယ်မှုပြစကားခွန်းဖြစ်ပါသည်။

"သံချောင်းလား"

"တင်ပါ့ဘုရား" (စာ-၂၅)

အထက်ပါစကားခွန်းသည် သံချောင်းနှင့်ဆရာတော်ဘုန်းတော်ကြီးတို့ခေါ်သော ဆက်သွယ်မှုပြစကားခွန်းဖြစ်ပါသည်။ ဘုန်းတော်ကြီးက သံချောင်းအမေသေဆုံးရပုံကို မပြောမီ သံချောင်းနာမည်ကိုခေါ်လိုက်သော ဆက်သွယ်မှုပြစကားခွန်းဖြစ်ပါသည်။

## ၃၊ ၁၊ ၄။ ဆောင်ရွက်ချက်စကားခွန်းများ

ဆောင်ရွက်ချက်စကားခွန်းများနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦးက 'လူမှုဘာသာဗေဒသဘောတရား' စာအုပ်တွင် ဆောင်ရွက်ချက်စကားခွန်းများသည် လတ်တလောဆောင်ရွက်ချက်သာမက အနာဂတ်ကိုပါ အကျိုးသက်ရောက်စေနိုင်သည့် စကားခွန်းဖြစ်သည်။ (စာ-၁၅၇) ဟူ၍ဖော်ပြထားပါသည်။

'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်'ဝတ္ထု အခန်း(၅)တွင် ကိုထွန်းမြင့်က ကိုနန္ဒာကို ပြောသော ဆောင်ရွက်ချက်စကားခွန်းကိုတွေ့ရသည်။

"ငါ့သဘောကတော့ မင်း မော်လမြိုင်လိုက်သွား၊ ကိုလှမြင့်ရဲ့သူငယ်ချင်းကိုဇော်ဝင်းဆိုတာရှိတယ်၊ အကောက်ခွန်ဌာနမှာလုပ်တယ်၊ ကောင်လေးကို မော်လမြိုင်မှာတွေ့တယ်ဆိုတာ သူ့ဆီကသိရတာ၊ သူနှင့်တိုင်ပင်ပြီး ရှာတွေ့ရင်ပြန်ခေါ်ဖို့ပဲ" (စာ-၄၆)

အထက်ပါစကားခွန်းသည် ကိုထွန်းမြင့်က ကိုနန္ဒာကိုပြောသော ဆောင်ရွက်ချက်ပြစကားခွန်း ဖြစ်ပါသည်။ တင်ထွန်းအောင်သည် မိခင်၏စိတ်ဘယက်နှင့် ရွှေဘီးကိုခိုးကာ သူငယ်ချင်း ရဲမြင့်နှင့်အတူအိမ်မှ ထွက်သွားသဖြင့်တင်ထွန်းအောင်ကိုရှာရန်တိုင်ပင်ကြသည့် ဆောင်ရွက်ချက် စကားခွန်းဖြစ်ပါသည်။

> "သူ့အဖေမပြန်ခင် အိမ်ရောက်မှဖြစ်မှာ၊ သူ့အဖေပြန်လာချိန် အိမ်မှာ မရှိရင် သူ့အဖေကစိတ်ဆိုးပြီး အိမ်ကနှင်ချမှာ၊ သူ့အဖေက ပြတ်တယ်၊ ကြားထဲက ငါပဲရင်ကွဲမှာ" (စာ-၄၇)

အထက်ပါစကားခွန်းသည် တင်ထွန်းအောင်၏မိခင် တင်တင်လှက ကိုထွန်းမြင့်နှင့်ကိုနန္ဒာကို ပြောသော ဆောင်ရွက်ချက်စကားခွန်းဖြစ်ပါသည်။ တင်ထွန်းအောင်၏ဖခင်သည် နိုင်ငံခြား ကိုယ်စားလှယ်အဖွဲ့တစ်ခု နှင့်နိုင်ငံခြားသို့ရောက်နေစဉ် တင်ထွန်းအောင် အိမ်မှထွက်သွားသဖြင့် သူ့အဖေမလာခင် တင်ထွန်းအောင်ကိုပြန်ရှာ၍ အိမ်ကိုခေါ်လာရန်ပြောသော ဆောင်ရွက်ချက် စကားခွန်းဖြစ်ပါသည်။

> "ကျွန်တော်တို့က ဈေးလျှော့ယူတာကိုး၊ နယ်စပ်နှင့်ရိုးမဘက်ဆိုရင် တစ်ယောက်သုံးလေးရာရတယ်၊ ကျွန်တော်တို့က ပေးသလောက်ယူ တယ်၊ ဆေးဖိုးရရင်တော်ပြီမဟုတ်လားဦးလေးရဲ့"

အထက်ပါစကားခွန်းသည် ရဲမြင့်သည် ကိုနန္ဒာကိုပြောသော ဆောင်ရွက်ချက်စကားခွန်းဖြစ်ပါ သည်။ ရဲမြင့်သည် ဆေးဖိုးရရန် ကုန်ထမ်းသမားများထက် လျှော့ယူဆောင်ရွက်ကြောင်း ပြောသည့် ဆောင်ရွက်ချက်စကားခွန်းဖြစ်ပါသည်။

'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်'ဝတ္ထုပါ အခန်း(၁၂)တွင် သံချောင်းက ကိုနန္ဒာကို ပြောသော ဆောင်ရွက်ချက်စကားခွန်းကိုတွေ့ရသည်။

> "ဒါပေါ့ ဘယ်သူကလာဆွတ်ပေးမလဲ၊ ကိုယ့်ဘာသာကိုယ် တက်ရပေါ့။ ဒါပေမယ့် မတက်တာကြာတော့ သိပ်မရဲဘူး၊ ဒီအထဲ ဓားကလည်း မရှိတော့ အုန်းသီးဆွတ်ရတာ သိပ်လက်ဝင်တယ်။ အညှာကိုလိမ်ပြီး တစ်လုံးစီဆွတ်ရတယ်၊ ဓားရှိရင်တော့ အလွယ်လေးပဲ၊ အခိုင်လိုက် ခုတ်ယူလိုက်ရုံပဲ" (စာ-၁၃၄)

အထက်ပါစကားခွန်းသည် သံချောင်းနှင့်ကိုနန္ဒာတို့နှစ်ယောက်သည် မုန်တိုင်းမိကာ ကျွန်းပေါ် တင်ခဲ့ကြသည်။ ကိုနန္ဒာအတွက် သံချောင်းက အုန်းပင်တက်ကာ အုန်းသီးခွဲပေးခဲ့သည်။ အုန်းပင်တက်ရာ၌ ဓားရှိပါက ဆောင်ရွက်ရလွယ်ကူမည်ဟုပြောသော ဆောင်ရွက်ချက် စကားခွန်းဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဝတ္ထုမှ စကားခွန်းများကို စကားလုပ် ဆောင်ချက်လေးမျိုးဖြင့် လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ဓားတောင်ကို ကျော်၍မီးပင်လယ်ကိုဖြတ်မည်ဝတ္ထုသည် အလုပ်သမားလူတန်းစားတို့ကို ကိုယ်စားပြုသော သံချောင်း၊ အရင်းရှင်လူတန်းစားကို ကိုယ်စားပြုသောဦးဘရန်၊ ပညာတတ်အနုပညာသမားကို ကိုယ်စားပြုသောကိုနန္ဒာနှင့် လူငယ်ထုကို ကိုယ်စားပြုသော ရဲမြင့်နှင့်တင်ထွန်းအောင် စသော ဇာတ်ဆောင်တို့၏ စကားခွန်းများကို လေ့လာတင်ပြထားပါသည်။ ဝတ္ထုတွင်ပါသော ဖြစ်ရပ် စကားခွန်းများသည် ပကတိဖြစ်ရပ်များနှင့် ဆက်စပ်နေသော စကားခွန်းများဖြစ်သည်ကို စက်လှေပေါ်သို့ မှောင်ခိုပစ္စည်းတင်ရသော သံချောင်းသည် လက်အံသေကာ ရေထဲသို့ ပစ္စည်းကျသွားသောဖြစ်ရပ်၊ ကျွန်းပေါ်တွင် အသက်မသေဘဲ သံချောင်းနှင့်ကိုနန္ဒာတို့ တွေ့ကြပုံ၊ ရဲမြင့်စိတ်ဖောက်ပြန်ကာ သံချောင်းမွေးထားသော ကြက်တူရွေးကိုသတ်လိုက်ပုံ၊ ဦးဘရန်က သံချောင်းကို ကျွန်တစ်ယောက်ကဲ့သို့ ခိုင်းစားရုံမျှမက သံချောင်းမိခင်ကိုသတ်ခဲ့သည့် ပကတိ ဖြစ်ရပ်များကို တွေ့ရ ပါသည်။

အမူအကျင့်ဆိုင်ရာစကားခွန်းများသည် ဝတ္ထုပါဇာတ်ဆောင်တို့၏ အမူအကျင့်ကို ပေါ်လွင်အောင် ဖော်ပြနိုင်သော စကားခွန်းအဖြစ်တွေ့ရှိရပါသည်။ ဆက်သွယ်မှုပြု စကားခွန်း သည် ဝတ္ထုပါ ဇာတ်ဆောင် တို့၏ လူမှုဆက်ဆံရေးအခြေအနေကို ပိုမိုအသက်ဝင် ပေါ်လွင် စေသည်ကို တွေ့ရသည်။ ဆောင်ရွက်ချက် ပြုစကားခွန်းများသည် ဝတ္ထုပါဇာတ်ဆောင်တို့၏ လတ်တလော ဆောင်ရွက်ချက်သာမက အနာဂတ် ဆောင်ရွက်ချက်ကိုပါ ပေါ်လွင် စေသည့် အခြေအနေ တစ်ရပ်အဖြစ်တွေ့ရပါသည်။

ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဝတ္ထုပါ ဇာတ်ဆောင်များ၏ စကားခွန်း များကို လေ့လာရာ၌ စကားလုပ်ဆောင်ချက်များသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရှိရပါ သည်။

## နိဂုံး

ဤစာတမ်းသည် ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဝတ္ထုကို လူမှုဘာသာ ဗေဒအမြင်ဖြင့် လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ လူမှုဘာသာဗေဒသဘော တရားအရ စကားလုပ်ဆောင် ချက်(၄)မျိုးကို အဓိကထား၍ လေ့လာတင်ပြထားပါသည်။ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဝတ္ထုသည် အလုပ်သမားလူတန်းစားတို့၏ လူနေမှု ဘဝကို နောက်ခံပြုရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ လူတို့၏ လူမှုရေးပြဿနာများ၊ အလုပ်သမားနှင့် အရင်းရှင်တို့၏လူမှုအခြေအနေအမျိုးမျိုးကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားရာ လူမှုဘာသာဗေဒ စိတ်ဝင်စားသူများအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

# ကျမ်းကိုးစာရင်း

**မြန်မာဘာသာ**

မိုးမြေ၊ မ။ (၂၀၁၅)။ ***ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ*** (ဒု-ကြိမ်)။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

မြသန်းတင့်။ (၂၀၁၉)။ ***တောင်သမန်ရွှေအင်းကလေညင်းဆော်တော့*** (ဒု-ကြိမ်)။ ရန်ကုန်၊ အောင်ပိုင်မင်း စာပေ။

မြသန်းတင့်။ (၂၀၁၄)။ ***ခေးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်*** (အဋ္ဌမအကြိမ်)။ ရန်ကုန်၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၃)။ ***ခရီးဆောင်မြန်မာအဘိဓာန်*** (တ-ကြိမ်)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်*** ။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၅)။ ***လူမှုဘာသာဗေဒသဘောတရား*** ။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၀)။ ***ဘာသာစကားသုတေသန*** ။ ရန်ကုန်၊ ရှုဝံစာပေ။

**အင်္ဂလိပ်ဘာသာ**

Crystal, D (2000). ***A Dictionary of linguistic and Phonetic*** (4th.edn): Massachetic Blackwell Publisher.

**နောက်ဆက်တွဲ**

A branch of linguistics which studies all aspects of the relationship between language and society.